# ဝါတွင်းကာလ စတုတ္ထတနင်္ဂနွေနေ့

ရှင်ယောဟန် ၃း ၁၄ - ၂၁

အီဇရာအဲလ်လူမျိုးတွေ အီဂျစ်ပြည် ကျွန်ဘဝကနေ လွတ်မြောက်လာပြီး တောကန္တာရထဲမှာ ဘုရားကို ဆန့်ကျင်ပုန်ကန်လာကြပါတယ်။ ဒီအခါ ဘုရားသခင်က သူတို့ကို ဒဏ်ပေးတဲ့အနေနဲ့ မြွေတွေအများကြီးနဲ့ ကြုံတွေ့စေပါတယ်။ မြွေကိုက်ခံရသူတွေ များလာတဲ့အခါ လူတွေက မိုးဇယ်ကို ပြောပြီး ဘုရားသခင်ကို တောင်းပန်ခိုင်းတဲ့အခါ ဘုရားသခင်က မိုးဇယ်ကို ကြေးမြွေရုပ်လုပ်ခိုင်းပြီး တိုင်ပေါ်မှာ ထောင်ထားစေပါတယ်။ မြွေကိုက်ခံရတဲ့သူဟာ အဲဒီကြေးမြွေရုပ်ကို ကြည့်ရင် အသက်ရှင်လိမ့်မယ်လို့ ဘုရားသခင်က မိုးဇယ်အားဖြင့် မိန့်တော်မူပါတယ်။ မြွေကိုက်ခံရတဲ့သူတွေဟာလည်း ဘုရားသခင်ရဲ့စကားကို နာခံပြီး တိုင်မှာထောင်ထားတဲ့ကြေးမြွေရုပ်ကို ငါတို့ကြည့်ရင် ငါတို့ သေဘေးမှ လွတ်မြောက်မယ်ဆိုတာ သူတို့ ယုံကြည်ကြပါတယ်။ အဲဒီလို ယုံကြည်ပြီး တကယ်လုပ်တဲ့သူ၊ တကယ်မျှော်ကြည့်တဲ့သူတိုင်းဟာ အသက်ချမ်းသာရကြပါတယ်။

ယနေ့ဖတ်သွားတဲ့ ရှင်ယောဟန် ဧဝံဂေလိကျမ်းစာမှာ ယေဇူးဘုရားရှင်က နီကောဒေမူးကို - မိုးဇယ်သည် တောကန္တာရမှာ မြွေကို မြှောက်ထားသကဲ့သို့ လူသားသည်လည်း မြှောက်ထားခြင်းခံရလိမ့်မည်။ ထိုသို့ဖြင့် သူ့ကို ယုံကြည်သောသူဟူသမျှသည် ထာဝရအသက်ကို ရလိမ့်မည် လို့ မိန့်တော်မူပါတယ်။ ဒီအတိုင်းပဲ မိုးဇယ်လက်ထက်က မြွေကိုက်ခံရတဲ့သူတွေဟာ ပုံမှန်အားဖြင့် သေရမှာပါ။ ကျနော်တို့လည်း အပြစ်တွေ ကျူးလွန်ကြတဲ့အခါ ပုံမှန်အားဖြင့် သေကြေပျက်စီးကြရမှာပါ။ ဒါပေမဲ့ မိုးဇယ်လက်ထက်ကလူတွေက ကြေးမြွေရုပ်ကို ကြည့်ပါဆိုတဲ့ဘုရားရဲ့စကားကို နာခံတယ်၊ အဲ့လိုကြည့်ရင် အသက်ရှင်ရလိမ့်မယ် ဆိုတာကို ယုံတယ်။ ဒါကြောင့် နာခံတယ်၊ ယုံတယ်။ ဒါကြောင့် သေဘေးက လွတ်မြောက်ကြပါတယ်။ ကျနော်တို့လည်း သူတို့လို ကားတိုင်ပေါ်က ယေဇူးဘုရားရှင်ကို နာခံရင်၊ ယုံကြည်ရင် ထာဝရသေခြင်းဒဏ်မှ လွတ်မြောက်လိမ့်မယ်။ ထာဝရအသက်ရှင်ရလိမ့်မယ်လို့ မိန့်တော်မူပါတယ်။

တကယ်တမ်းသာ ကောင်းတဲ့လူတွေ ကောင်းကင်ဘုံ သွား၊ အပြစ်ရှိတဲ့သူတွေ ငရဲ သွားလို့များ ဘုရားက စီစဉ်ခဲ့ရင် သခင်ယေဇူးတောင် ဒီလောကထဲ ဆင်းကြွလာစရာ မလိုဘူး။ မဟုတ်ဘူးလား။ အခုတော့ အဲ့လို မဟုတ်ဘူး။ သခင်ယေဇူး မိန့်တော်မူခဲ့တယ်မဟုတ်လား - ဖြောင့်မတ်သောသူတို့ကို ခေါ်ရန် ငါလာသည်မဟုတ်၊ အပြစ်ရှိသောသူတို့ကို ခေါ်ရန် ငါလာ၏ တဲ့ ။

သားတော်ကို ယုံကြည်သောသူဟူသမျှကို ပျက်စီးခြင်းသို့ မရောက်စေဘဲ ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသောသားတော်ကို စွန့်သည့်တိုင်အောင် လောကသားတို့ကို ချစ်တော်မူ၏။ (ယောဟန် ၃း၁၆) ဒီကျမ်းပိုဒ်ဟာ ကျမ်းစာတစ်ခုလုံးရဲ့ အဓိကအချက်ပဲ။ လူတစ်ဦးတစ်ယောက်ဟာ သူတစ်ပါးကို ချစ်တဲ့အခါ ပိုင်ဆိုင်ချင်လို့ ချစ်တာဆိုရင် အဲ့ဒီအချစ်ဟာ လူ့အချစ်လို့ ခေါ်တယ်။ **Human Love**

တကယ်လို့ အဲ့ဒီလူက ကိုယ့်အတွက်ကို မကြည့်ပဲ ကိုယ့်ကိုယ်ကို အနစ်နာခံ ပေးဆပ်ပြီးချစ်ရင် အဲ့ဒီအချစ်ကို ဘုရားအချစ် **Divine Love** အာဂါပေ လို့ ခေါ်ပါတယ်။ ဘုရားက လူသားတွေကို ပေးဆပ် အနစ်နာခံတဲ့အချစ်နဲ့ ချစ်တဲ့အတွက်ကြောင့် လူတွေကို ထာဝရအသက်ရစေဖို့ အခွင့်အလမ်းတွေ ပေးတော်မူပါတယ်။ ဘုရားရဲ့အချစ်ကို လူတွေသိအောင် ထုတ်ဖော်ပြပေးဖို့အတွက် သားတော်ဘုရားယေဇူးကို ကျနော်တို့ အလယ်မှာ စေလွှတ်တော်မူပါတယ်။ ဒါကြောင့် သားတော်ဘုရား ယေဇူးကို ကြည့်ခြင်းအားဖြင့် ဘုရားက လူတွေကို ဘယ်လောက်ချစ်သလဲဆိုတာ သိသာထင်ရှားပါတယ်။ အထူးသဖြင့် လူတွေရဲ့အပြစ်တွေအတွက် လက်ဝါးကားတိုင်ပေါ်မှာ အသက်စွန့်ခြင်းဖြင့် ပေးဆပ်ခဲ့တာကို ကြည့်ပါ။ စဉ်းစားဆင်ခြင်ပါ။ ယေဇူးဘုရားရှင်ကို ယုံကြည်သောသူဟူသမျှသည် ထာဝရအသက်ကို ရလိမ့်မည်လို့ ကျမ်းစာတော်မြတ်မှာ ကတိပေးထားတယ်မဟုတ်လား။ ထာဝရအသက်ဆိုတာ အိုခြင်း၊ နာခြင်း၊ သေခြင်း မရှိတော့တဲ့အသက်တာ ဖြစ်ပါတယ်။

ဒါကြောင့် လူတစ်ယောက်ဟာ ကယ်တင်ခံရဖို့အတွက် အဓိကကျတာက ယုံကြည်ဖို့ပါပဲ။ ယုံကြည်တယ်ဆိုတာ ဘာကို ဆိုလိုပါသလဲ။ သခင်ယေဇူးဟာ ဘုရားဖြစ်ပါတယ်ဆိုတာ လက်ခံပါတယ်ဆိုတာထက် ပိုပါတယ်။ ပြည့်စုံတဲ့ယုံကြည်ခြင်းဖြစ်ဖို့က (၁) ကျနော်တို့ ယုံကြည်တဲ့ဟာတွေက ဘုရားက ထုတ်ဖော်ဟောပြောတဲ့တရားတော်တွေ ဖြစ်ဖို့ လိုပါတယ်။ (၂) ဘုရားထုတ်ဖော်ပြတဲ့ အကြောင်းအရာတွေကို ယုံကြည်စိတ်ချဖို့ လိုအပ်ပါတယ်။ (၃) ယုံကြည်တဲ့အတိုင်း ကျင့်ကြံနေထိုင်ဖို့ လိုပါတယ်။ ယုံကြည်တဲ့အတိုင်း မကျင့်ကြံချင်ဘူးဆိုရင် ယုံကြည်ရာ မရောက်ပါဘူး။ ကျင့်နိုင်တယ် မကျင့်နိုင်ဘူးဆိုတာက နောက်ထား။ ကိုယ်ယုံကြည်ထားတဲ့တရားတွေကိုတော့ ကြိုက်နှစ်သက်ရမယ်၊ လက်ခံသဘောတူရမယ်၊ ဒါမှ ယုံကြည်တယ်လို့ ခေါ်နိုင်မှာပေါ့။ ကိုယ့်ဘက်က အားနည်းလို့ ကျင့်ကြံနိုင်စွမ်းရှိတာ မရှိတာက နောက်တဂါန ။ ဒါပေမဲ့ သူကတော့ ဘုရားရဲ့တရားတော်တွေအားလုံးကို ကျင့်ကြံချင်တဲ့စိတ်ရှိတယ်၊ လက်ဝါးကားတိုင်ပေါ်က ကောင်းတဲ့သူခိုးလိုပေါ့။ အဲ့ဒီလို စစ်မှန်တဲ့ယုံကြည်ခြင်း ရှိပြီးတော့ ပြည့်ပြည့်စုံစုံ ကျင့်ကြံဖို့ အားနည်းတဲ့အပြစ်သားများအတွက် ယေဇူးဘုရားရှင်က အသေခံပြီး ဒဏ်ဆပ်ဖြေပေးတော်မူပါတယ်။ - သားတော်ကို ယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ။ မယုံကြည်သောသူသည်ကား အပြစ်စီရင်ခြင်းကို ခံရလေပြီ - လို့ မိန့်တော်မူထားပါတယ်။ မယုံကြည်သောသူဆိုတာက ရံဖန်ရံခါ ယုံကြည်ခြင်းမှာ သံသယဝင်သူကို ပြောတာ မဟုတ်ပါဘူး။ သက်သက်မဲ့ကို ဘုရားသခင်ကို ဆန့်ကျင်သူ၊ ဘုရားရဲ့ ကောင်းမြတ်လှတဲ့တရားတော် - တရားမျှတဖို့ ကိုယ့်ကိုယ်ကို ချစ်သကဲ့သို့ သူတစ်ပါးကို ချစ်ဖို့တွေကို လက်မခံတဲ့သူဖြစ်ပါတယ်။ အဲ့ဒီလို မိုက်မဲတဲ့သူတွေကို သခင်ယေဇူးက အလင်းနဲ့ အမှောင်လို ပုံဆောင်ပြီး ခွဲခွဲခြားခြား မိန့်တော်မူပါတယ်။

ယေဇူးဘုရားရှင်ဆိုတဲ့အလင်းက လောကထဲကို ဆင်းကြွလာတယ်။ ဒါပေမဲ့ မိုက်မဲဆိုးသွမ်းချင်တဲ့သူတွေက အလင်းဆိုတဲ့ယေဇူးဘုရားရှင် အနားကို မချဉ်းကပ်ချင်ကြဘူး။ ဘာလို့လဲဆိုတော့ သူတို့ မိုက်မဲတာ မကောင်းတာကို မပေါ်လွင်စေချင်လို့ပါပဲ။ သူတို့က မကောင်းတာတော့လုပ်ချင်တယ်။ သူတို့ မကောင်းမှုန်း လူတွေကို မသိစေချင်လို့ အမှောင်ထဲမှာ ဆက်နေချင်ကြတယ်။ ဒါကြောင့် အာဏာရှိသူက လူကောင်းတစ်ယောက်ကို မတရားထောင်ချချင်ရင် တရားစီရင်တာကို လူမသိသူမသိလုပ်ပြီး မတရားထောင်ချတတ်ကြတာပေါ့။ သူတို့က မတရားထောင်ချပါတယ်ဆိုတာ မပေါ်လွင်စေဖို့အတွက် တရားစီရင်တာကို ဘယ်သူမျှမသိစေချင်ဘူး၊ သတင်းသမားတွေကို မပြောဖို့ ရှေ့နေတွေကိုပါ ပိတ်ပင်တားမြစ်တာပါ။ - အမှန်တရားကို လိုက်နာကျင့်သုံးသောသူမူကား မိမိပြုသမျှတို့သည် ဘုရားသခင်၏ အလိုတော်အတိုင်းဖြစ်သည်ကို ထင်ရှားစွာမြင်စေခြင်းငှါ အလင်းသို့လာသည်ဟု မိန့်တော်မူ၏။

ဘာသာသူတို့ ဘုရားသခင်က သင်တို့ကို ထာဝရအသက်ပေးဖို့ အဆင်သင့်ပြင်ဆင်ထားပေးပါတယ်။ ကျနော်တို့ လူတွေဘက်က ဘုရားကို လက်ခံယုံကြည်ဖို့ ၊ အမှန်တရား၊ တရားမျှခြင်းဆိုတဲ့ ဘုရားရှင်ရဲ့တရားတော်တွေကို လက်ခံယုံကြည်ဖို့ပဲ လိုပါတော့တယ်။ အမှန်တရား အလင်းတော်ကို ဆန့်ကျင်ပြီးတော့ ဒုစရိုက်အမှောင်ထဲမှာ ဆက်ပြီး မနေကြပါနဲ့တော့။ ရဲရဲဝံ့ဝံ့နဲ့ ဘုရားရှင်ကို ယုံကြည်လက်ခံပါ။ ထာဝရကောင်းကင်ဘုံဟာ သင့်အတွက် ဖြစ်ပါလိမ့်မယ်။